# ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်ရှင်းချက် အကျဉ်း

## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ,မရဏံ၊ …… သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## မြန်မာပြန်

မသိမှု, အသိမှားမှု အဝိဇ္ဇာကြောင့် အားထုတ်မှု သင်္ခါရတို့ ဖြစ်ကုန်၏။
သင်္ခါရကြောင့် ဘဝသစ်-ဝိညာဏ် ဖြစ်၏။
ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။
နာမ်ရုပ်ကြောင့် မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ဟူသော အာယတန ၆-ပါး ဖြစ်၏။
အာယတန ၆-ပါးကြောင့် အာရုံနှင့်စိတ် တွေ့မှု-ဖဿ ဖြစ်၏။
ဖဿကြောင့် ခံစားမှု-ဝေဒနာဖြစ်၏။
ဝေဒနာကြောင့် တပ်မက်မှုတဏှာ ဖြစ်၏။
တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။
ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံ- ဘဝ(ကမ္မဘဝ) ဖြစ်၏။
ကမ္မဘဝကြောင့် ဘဝသစ်ဖြစ်မှု ဇာတိဖြစ်၏။
ဇာတိကြောင့် အိုရခြင်း သေရခြင်း ဇရာ,မရဏ ဖြစ်၏။
ဇရာ,မရဏကြောင့် စိုးရိမ်ပူဆွေးခြင်း-သောက, ငိုကြွေးခြင်း-ပရိဒေဝ, ကိုယ်ဆင်းရဲခြင်း-ဒုက္ခ,
စိတ်ဆင်းရဲခြင်း-ဒေါမနဿ, ပြင်းစွာ ပင်ပန်းခြင်း-ဥပါယာသတို့ ဖြစ်ကုန်၏။

ဤသို့လျှင် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကြောင့်သာ သုခနှင့် မရောမယှက် သက်သက်သော ဤဒုက္ခအစု၏ ဖြစ်ခြင်းသည် လောက၌ ထင်ရှား၏။

**ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော်**

အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတနနိရောဓော၊
သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ,မရဏံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**မြန်မာပြန်**

မသိမှု, အသိမှားမှု အဝိဇ္ဇာချုပ်ခြင်းကြောင့် အားထုတ်မှု သင်္ခါရတို့ ချုပ်ကုန်၏။
သင်္ခါရချုပ်ခြင်းကြောင့် ဘဝသစ်-ဝိညာဏ် ချုပ်၏။
ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။
နာမ်ရုပ်ချုပ်ခြင်းကြောင့် မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ဟူသော အာယတန ၆-ပါး ချုပ်၏။
အာယတန ၆-ပါးချုပ်ခြင်းကြောင့် အာရုံနှင့်စိတ် တွေ့မှု-ဖဿ ချုပ်၏။
ဖဿချုပ်ခြင်းကြောင့် ခံစားမှု-ဝေဒနာ ချုပ်၏။
ဝေဒနာချုပ်ခြင်းကြောင့် တက်မက်မှုတဏှာ ချုပ်၏။
တဏှာချုပ်ခြင်းကြောင့် စွဲလမ်းမှု-ဥပါဒါန် ချုပ်၏။
ဥပါဒါန်ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ- ဘဝ(ကမ္မဘဝ) ချုပ်၏။
ကမ္မဘဝချုပ်ခြင်းကြောင့် ဘဝသစ်ဖြစ်မှု-ဇာတိ ချုပ်၏။
ဇာတိချုပ်ခြင်းကြောင့် အိုရခြင်း သေရခြင်း ဇရာ,မရဏ ချုပ်၏။

ဇရာ,မရဏ ချုပ်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း-သောက, ငိုကြွေးခြင်း-ပရိဒေဝ, ကိုယ်ဆင်းရဲခြင်း-ဒုက္ခ, စိတ်ဆင်းရဲခြင်း-ဒေါမနဿ, ပြင်းစွာ ပင်ပန်းခြင်း-ဥပါယာသတို့ ချုပ်ကုန်၏။

ဤသို့လျှင် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ချုပ်ခြင်းကြောင့်သာ သုခနှင့် မရောမယှက် သက်သက်သော ဤဒုက္ခအစု၏ ချုပ်ခြင်းသည် လောက၌ ထင်ရှား၏။

**ဆောင်ပုဒ်။ ။အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှ မျိုး၊ မျိုးမှ အပင်၊ အမျှင် မပြတ်၊ ဆက်စပ်သည့် ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်း အလျော်၊ ဖြဟ္မာ သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင် ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍ မျှော်။ ။ (မိုးကုတ်ဆရာတော်)**

## အင်္ဂါ ၁၂-ပါး အဓိပ္ပါယ်

**ပဋိစ္စသမုပ္ပါဒ်ဟူသည်။** ။ အကြောင်းအဆက်ဆက်ကြောင့် အကျိုးအဆက်ဆက် ဖြစ်ပေါ်လာခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်သည်။

**၁။ အဝိဇ္ဇာဟူသည်..**

သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကို သိသောတရားကို အဝိဇ္ဇာဟု ခေါ်သည်။

**အဝိဇ္ဇာ မသိသော ရှစ်ဌာန...**

သစ္စာလေးပါး၊ ရှေး၌ဖြစ်ခဲ့သော ခန္ဓာငါးပါး၊ နောက်၌ ဖြစ်လတံ့သော ခန္ဓာငါးပါး၊ ရှေ့နောက် ဖြစ်သော ခန္ဓာငါးပါး၊ အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ်တရားများ၊ ဤ ၈-ဌာနတို့၌ မသိခြင်းဖြစ်၏။

မှတ်ချက်။ ။ မသိတိုင်း အဝိဇ္ဇာ မဟုတ်။ ဤရှစ်မျိုးတို့၌ မသိမှုသာ အဝိဇ္ဇာဟု ခေါ်၏။ အလွန်ဉာဏ်ကြီးသူတို့၏ အရာဌာနဖြစ်သော အချက်များကို မသိခြင်းသည် အဝိဇ္ဇာမဟုတ်။ မိမိဉာဏ်၏ သတ္တိနည်းမှုသာ ဖြစ်၏။ ဥပမာ... နေလည်ကြောင်တောင် နေရောင်ရှိလျက် ခပ်ဝေးဝေးကို လှမ်း၍ မမြင်နိုင်ခြင်းသည် အမှောင်၏ ကာကွယ်မှုကြောင့် မဟုတ်။ မိမိမျက်လုံး၏ အားနည်းမှုကြောင့်သာ ဖြစ်၏။ (အခြေပြုသင်္ဂြိုဟ်)

**၂။ သင်္ခါရဟူသည်။** ။စီမံဖန်တီးမှု, တိုက်တွန်းနှိုးဆော်မှု **စေတနာ**ကို ခေါ်သည်။

**သင်္ခါရ ၃-မျိုး။**

၁။ ကိုယ်ဖြင့်ပြုလုပ်မှု ကာယသင်္ခါရ၊

၂။ နှုတ်ဖြင့် ပြောဆိုမှု ဝစီသင်္ခါရ၊

၃။ စိတ်ဖြင့် ကြံစည်မှု မနောသင်္ခါရ၊

**တနည်း အဘိသင်္ခါရ (ပြုလုပ်အားထုတ်မှု) ၃-မျိုး**

၁။ ပုညာဘိသင်္ခါရ = ကာမကုသိုလ် စေတနာ ၈-ပါးနှင့်၊ ရူပကုသိုလ် စေတနာ ၅-ပါး။

၂။ အပုညာဘိသင်္ခါရ = အကုသိုလ် စေတနာ ၁၂-ပါး။

၃။ အာနဉ္စာဘိသင်္ခါရ = အရူပကုသိုလ် စေတနာ ၄-ပါး။

(တရားကိုယ်မှာ လောကီကုသိုလ် ၁၇-ပါး၊ အကုသိုလ် ၁၂-ပါး၊ ဤစိတ်တို့၌ ယှဉ်သော စေတနာ ၂၉-ပါးတည်း။ ဤသင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်ကုန်၏။)

**၃။ ဝိညာဏ်အရ။** ပဋိသန္ဓေဝိညာဏ်

**ပဋိသန္ဓေ သုံးမျိုး။** ။ရုပ်သက်သက် ပဋိသန္ဓေ၊ နာမ်သက်သက် ပဋိသန္ဓေ၊ ရုပ်နာမ် ၂-ပါးရောနေသော ပဋိသန္ဓေ တို့ဖြစ်သည်။

**၄။ နာမရူပံ။** **နာမ-အရ** = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ သုံးပါးကိုယူ။

**ရူပ-အရ** = ကမ္မဇရုပ်များ

**၅။ သဠာယတန(ဆ+အာယတန)။** ။မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဤခြောက်ပါး။

(စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန)

(စိတ်-စေတသိက်တို့၏ ဖြစ်ကြောင်းတရားများကို "**အာယတန**" ဟုခေါ်၏။)

**၆။ ဖဿ ဟူသည်။** ။ထိခိုက်မှု၊ ဆက်သွယ်ပေးမှု၊ ပေါင်းဆုံမှု။

မျက်စိနှင့် အဆင်း၊ နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့် ထိတွေ့စရာ၊ စိတ်နှင့် အတွေးအာရုံတို့ ပေါင်းစပ်-ဆက်သွယ်ပေးမှု။

(စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။ စက္ခာယတနကြောင့် ဖြစ်သော ဖဿကို စက္ခုသမ္ဖဿ ဟုခေါ်၏။ သောတသမ္ဖဿ စသည် တူ၏။)

**၇။ ဝေဒနာ ဟူသည်။** ။ ကောင်း+မကောင်း ခံစားမှု

(သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ)

(စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ။)

**၈။ တဏှာ။** **။တဏှာ ၆-ပါး**

(ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ)

**၉။ ဥပါဒါန။ ။ပြင်းစွာစွဲလမ်းမှု**

**ဥပါဒါန်လေးမျိုး**

၁။ ကာမုပါဒါန် (ကာမ+ဥပါဒါန)= ကာမဂုဏ်တို့၌ ပြင်းစွာစွဲလမ်းမှု၊
၂။ ဒိဋ္ဌုပါဒါန် (ဒိဋ္ဌိ+ဥပါဒါန)= အယူမှား၌ ပြင်းစွာစွဲလမ်းမှု၊
၃။ သီလဗ္ဗတုပါဒါန်(သီလဗ္ဗတ+ဥပါဒါန)= မှားယွင်းသော နွားခွေးစသည်တို့၏ အကျင့်၌ ပြင်းစွာစွဲလမ်းမှု၊
၄။ အတ္တဝါဒုပါဒါန်(အတ္တဝါဒ+ဥပါဒါန)= အတ္တရှိ၏ဟု ပြင်းစွာစွဲလမ်းမှု၊

**၁၀။ ဘဝ-အရ။ ။ ကမ္မဘဝ နှင့် ဥပပတ္တိဘဝ ၂-ပါး**

ပြုလုပ်မှု ကုသိုလ်,အကုသိုလ် အကြောင်း'ကံ' (စေတနာ၊ သင်္ခါရ)ကိုပင် "ကမ္မဘဝ" ဟု ခေါ်၏။ "ဥပပတ္တိဘဝ"အရကား အကြောင်းကံကြောင့် နောက်အနာဂတ်ဘဝ၌ ဖြစ်မည့် အကျိုးခန္ဓာကို ကောက်ယူရ၏။

**သင်္ခါရနှင့် ကမ္မဘဝ အထူး။** ။ သင်္ခါရနှင့် ကမ္မဘဝ ဤနှစ်ခုလုံးအရ စေတနာကိုချည်း ကောက်ယူရ၏။ သို့သော် ယခုဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝတုန်းက စေတနာကံသည် သင်္ခါရ၊ နောက်ဘဝ၌ အကျိုးပေးဖို့ရန် ယခုဘဝ၌ဖြစ်သော စေတနာကံသည် ကမ္မဘဝ။

**၁၁။ ဇာတိ။ ။ဘဝသစ်ဖြစ်မှု ဇာတိ၊ တဖန် ဘဝဆက်စပ်မှု ပဋိသန္ဓေ၊**

**၁၂။ ဇရာ, မရဏ။ ။အိုခြင်း, သေခြင်း** (ဇာတိ၏ မုချအကျိုး)

မှတ်ချက်။ ။သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကား ဇာတိ၏ မုခအကျိုးဆက် မဟုတ်။ သောကစသည်တို့ကား ဖြဟ္မာ့ပြည်၌ မရှိ။ နတ်ပြည်၌လည်း တချို့ရှိ၏။ တချို့ မရှိကြ။ ဇာတိမကင်းသူတို့ ဖြစ်တတ်သော အကျိုးဆက်သာတည်း။ ထို့ကြောင့် အင်္ဂါ ၁၂-၌ မပါပေ။)